# ပိုးသတ်ဆေးဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ၁၄ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း  ၁၁  ရက်

(၂၀၁၆  ခုနှစ်၊  ဇန်နဝါရီလ  ၂၀  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပိုးသတ်ဆေးဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပိုး** ဆိုသည်မှာ သီးနှံ၊ ရိက္ခာ၊ လူ၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းများကို နှောင့်ယှက်သော သို့မဟုတ် ဖျက်ဆီးသော ပိုးကောင်များ၊ မွှားကောင်များနှင့် အပင်ရောဂါပိုးများကိုဆိုသည်။ ယင်းစကားရပ်တွင် အပင်များကို နှောင့်ယှက်ဖျက်ဆီးသော ကြွက်၊ ပွေး၊ ခရု၊ ပေါင်းပင်စသည်တို့လည်း ပါဝင်သည်။

(ခ) **ပိုးသတ်ဆေး** ဆိုသည်မှာ ဖျက်ပိုးကို အဝေးသို့ပြေးစေရန်လည်းကောင်း၊ ဖျက်ဆီးရန်လည်းကောင်း၊ ကာကွယ်နှိမ်နင်းရန်လည်းကောင်း သို့မဟုတ် ဖျက်ပိုးကြီးထွားမှုနှင့် အကျိုးတစ်စုံတစ်ရာအတွက် အပင်ကြီးထွားမှုကို ထိန်းချုပ်ရန်လည်းကောင်း ရည်ရွယ်ထားသော ဓာတုပစ္စည်း သို့မဟုတ် တစ်မျိုးထက်ပိုသော ဓာတုပစ္စည်းအရော သို့မဟုတ် အဏုဇီဝပစ္စည်းအရောကို ဆိုသည်။

(ဂ) **အဆိပ်ရှိပစ္စည်း** ဆိုသည်မှာ  ပိုးသတ်ဆေးတွင် ပါဝင်သော သို့မဟုတ် ပိုးသတ်ဆေး ဖော်စပ်ရာတွင် အသုံးပြုနိုင်သော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဃ) **တံဆိပ်** ဆိုသည်မှာ ပိုးသတ်ဆေးထည့်သွင်းထားသည့် ပစ္စည်းတွင်ဖြစ်စေ၊ ထုပ်ပိုးထားသည့် ပစ္စည်းတွင်ဖြစ်စေ ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အညွှန်းစာနှင့်အမှတ်အသားကို ဆိုသည်။

(င) **မှတ်ပုံတင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနက ဖွဲ့စည်းသော ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ကို ဆိုသည်။

(စ) **ပိုးသတ်ဆေးနည်းပညာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်အဖွဲ့က ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(ဆ) **စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့် နယ်မြေအတွင်း ပိုးသတ်ဆေး၏ ထိရောက်မှုကိုလည်းကောင်း၊ စိုက်ပျိုးစနစ်နှင့် သင့်လျော်သည့် သုံးစွဲမှုနည်းလမ်းကိုလည်းကောင်း သတ်မှတ်နိုင်ရန် နှစ်နှစ်ကာလအတွင်း စမ်းသပ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဇ) **ယာယီသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ငါးနှစ်ကာလအတွင်း သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဈ) **အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ၁၀ နှစ် ကာလအတွင်း သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ည) **အထူးသုံးစွဲခွင့်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က မမျှော်လင့်သော ပိုးများကျရောက်ခြင်းမှ ကာကွယ်ရန် သတ်မှတ်ထားသည့် ပိုးသတ်ဆေးကို တစ်နှစ် ကာလအတွင်း အရေးပေါ်သုံးစွဲခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဝန်ကြီး** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကို ဆိုသည်။

(ဍ) **ဦးစီးဌာန** ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာနကို ဆိုသည်။

(ဎ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဏ) **ဦးစီးမှူး** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးတို့ကို ဆိုသည်။

(တ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပိုးသတ်ဆေးသုံးစွဲမှုနှင့် ရောင်းချမှု မှန် မမှန်၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲခြင်း ရှိ မရှိ နှင့်

ပိုးသတ်ဆေးတွင်ပါဝင်ရမည့် အဆိပ်ရှိပစ္စည်းရာခိုင်နှုန်း ပြည့်မီခြင်း ရှိ မရှိ တို့ကို စစ်ဆေးနိုင်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းကို ဆိုသည်။

(ထ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ပိုးသတ်ဆေးနှင့်စပ်လျဉ်း၍ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးက ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ဒ) **ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့်လက်မှတ်ရသူ** ဆိုသည်မှာ အဆိပ်အတောက်ပြင်းထန်သည့် ပိုးသတ်ဆေးကိုသုံးစွဲရာတွင် ကျွမ်းကျင်စွာ ကိုင်တွယ်သုံးစွဲနိုင်သူဖြစ်ကြောင်း ဦးစီးဌာနက အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားသူကို ဆိုသည်။

## အခန်း(၂)

## မှတ်ပုံတင်အဖွဲ့ ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဌာနများ၏ အကြီးအမှူးများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ထို့ပြင် ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောမှတ်ပုံတင်အဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၄။ မှတ်ပုံတင်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဦးစီးဌာနက ဆောင်ရွက်ရမည်။

## အခန်း(၃)

## မှတ်ပုံတင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) အရ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို အညွှန်းစာပါအတိုင်း အဆိပ်ရှိပစ္စည်းရာခိုင်နှုန်း ပြည့်မီစွာ ပါဝင်ခြင်း ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ပိုးကို နှိမ်နှင်းရာတွင် ထိရောက်မှု ရှိ မရှိ စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းပြုရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

၆။ မှတ်ပုံတင်အဖွဲ့သည် ဦးစီးဌာန၏ လက်တွေ့စမ်းသပ်စစ်ဆေးချက်များအရ အရည်အသွေး ရာခိုင်နှုန်းပြည့်မီပြီး ထိရောက်မှုရှိပါက သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ထုတ်ပေးနိုင်သည်။

၇။ မှတ်ပုံတင်အဖွဲ့သည် အရေးပေါ်ကိစ္စရပ်များတွင် မမျှော်လင့်သည့် သီးနှံဖျက်ပိုးများ ကျရောက်မှုကို ကာကွယ်နှိမ်နင်းနိုင်ရန် မည်သည့်ပိုးသတ်ဆေးကိုမဆို အထူးသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်သည်။

၈။ မှတ်ပုံတင်အဖွဲ့သည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်းတွေ့ရှိသော မှတ်ပုံတင်ခွင့်ရရှိထားသည့် ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို သုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း သို့မဟုတ် မှတ်ပုံတင်ကိုပြန်လည်ရုပ်သိမ်းခြင်း ပြုနိုင်သည်-

(က) ပြည်ပမှသော်လည်းကောင်း၊ ပြည်တွင်းမှသော်လည်းကောင်း ရရှိသည့် အချက်အလက်များအရ ပိုးသတ်ဆေးသည် လူ၊ တိရစ္ဆာန်၊ သီးနှံနှင့်ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်ခြင်း၊

(ခ) ပိုးသတ်ဆေးကို ထပ်မံစစ်ဆေးရာတွင် လျှောက်ထားစဉ်ကတင်ပြခဲ့သော ဓာတ်ခွဲစစ်ဆေးထားသည့် အဆိပ်ရှိပစ္စည်း ရာခိုင်နှုန်းပြည့်မီမှုမရှိကြောင်း သို့မဟုတ် အရည်အသွေးပြည့်မီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းထုတ်လုပ်သော ပြည်ပကုမ္ပဏီကဖြစ်စေ၊ ပြည်တွင်းတွင် ပိုးသတ်ဆေးဖော်စပ်ရောင်းချသူကဖြစ်စေ ဆက်လက်သုံးစွဲခြင်းမပြုရန် အကြောင်းကြားခြင်း။

၉။ မှတ်ပုံတင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေပြု၍ ပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ကိုင်တွယ်သုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းတို့တွင် အန္တရာယ်ကင်းရှင်းရေးအတွက်လည်းကောင်း၊ သက်တမ်းလွန် ပိုးသတ်ဆေးများသည် သက်ရှိအားလုံးနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သဖြင့် စနစ်တကျဖျက်ဆီးရေးအတွက် လည်းကောင်း၊ သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းအတွက် လည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၅ အရ ဆောင်ရွက်သော ပိုးသတ်ဆေး ဓာတ်ခွဲစစ်ဆေးခြင်းနှင့် စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများ၏ အကြံဉာဏ်ကိုရယူရန် ဦးစီးဌာနအား ခွင့်ပြုနိုင်သည်။

၁၁။ မှတ်ပုံတင်အဖွဲ့သည် ပြည်ပမှလည်းကောင်း၊ ပြည်တွင်းမှလည်းကောင်း မှတ်ပုံတင်ခွင့်ရရှိရန် လျှောက်ထားသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ နည်းပညာအချက်အလက်များကို သက်ဆိုင်သူ၏ မူပိုင်အဖြစ် လျှို့ဝှက်ထားရမည်။

၁၂။ မှတ်ပုံတင်အဖွဲ့သည်-

(က) ညွန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သီးနှံကာကွယ်ရေး ဌာနခွဲ ညွှန်ကြားရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနများ၏ ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ပိုးသတ်ဆေး နည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ပိုးသတ်ဆေးနည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် ပိုးသတ်ဆေး နည်းပညာ ကော်မတီကို အထောက်အကူပြုနိုင်ရန် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

## အခန်း(၄)

## မှတ်ပုံတင်လျှောက်ထားခြင်းနှင့် အခွန်အခပေးဆောင်ခြင်း

၁၃။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း ပြုလုပ်လိုသူသည် အောက်ဖော်ပြပါ မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးရရှိရေးအတွက် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်-

(က) စမ်းသပ်သုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်၊

(ခ) ယာယီသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်၊

(ဂ) အပြည့်အဝသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်၊

(ဃ) အထူးသုံးစွဲခွင့် မှတ်ပုံတင်လက်မှတ်။

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752620